မကြာသေးမီက Robin ကို National Alliance of Christian Leadership (NACL) မှ သတင်းစာထဲတွင် စာရေးသားဖော်ပြရန် ဖိတ်ကြားခဲ့ပြီး ယင်းအကြောင်းအရာကို ဇွန်လအစောပိုင်းတွင်ဖြန့်ချိခဲ့သည်။ ၎င်း၏မိတ်ဆက်စာတွင် အောက်ပါအတိုင်းဖော်ပြထားသည် -

“ကျွန်ုပ်တို့နှင့်အနီးစပ်ဆုံးသော စိန်ခေါ်မှုမှာ ကမ္ဘာအကျယ်အဝန်းနှင့် ချိတ်ဆက်ခြင်းသာမက ခရစ်တော်၏စကားတော်၏ မွေးရန်ံကိုအသုံးချနိုင်ရန်ဖြစ်သည်။ သိပ္ပံပညာရရှိထားသူများအနေဖြင့် National Alliance of Christian Leadership (NACL - ဆားဓာတ်ဖြစ်သော sodium chloride) ဟု အတိုကောက်ထားမှသည် ဉာဏ်စွမ်းထက်မြက်သည့်ပမာဖြစ်ကြောင်း ချက်ချင်းနားလည်နိုင်ကြသည်။

ကမ္ဘာတွင် ဆားနှင့်မီးအဖြစ် တာဝန်ယူဖော်ဆောင်ရသော ခရစ်ယာန်အမှုအရာထဲမှ တစ်စိတ်တစ်ပိုင်းမှာ သက်သာသက်သာဖြင့် ပြောဆိုခြင်းဖြင့်သာမက သတိပြု၍ တည်ကြည်စွာ သမ္မာတရားကို မျှဝေရန်ဖြစ်သည်။

ဒီလတွင် ည့်စာရေးအဖြစ် ‘Beyond Here International’ မှ ရောဘင် ဂျန်ဆင်က ‘သမ္မာတရားကို မဖျောက်သင့်ကြောင်း’ သတိပေးထားသည်။ သူရေးသားသည့် ဆောင်းပါးကို ဖတ်ရှုရင်း သင့်အတွက် အကျိုးရှိမည်ဟု မျှော်လင့်ပါသည်။”

သမ္မာတရား၏မှန်ကန်ခြင်းတရားအကြောင်း (The Truth about Truth)
Robin J Johnson

ယေရှုခရစ်ကိုလိုက်နာကြောင်း ဝန်ခံကြသော ခရစ်ယာန်ဘာသာကို သက်ဝင်ယုံကြည်သူများအတွက် သမ္မာတရားသည် ဘုရားသခင်၏စကားတော်တစ်ခုလုံးပေါ်တွင်တည်မှီ၍တည်ဆောက်ထားသည်ဖြစ်၍ အပြည့်အဝမှန်ကန်ပြီး၊ ဖျက်စီး၍မရ၊ ပြောင်းလဲ၍မရနိုင်သောတန်ဖိုးရှိရာများ၏အခြေခံဖြစ်သည်။

ကျွန်ုပ်တို့သည် ခရစ်တော်၏အယူအဆကို ဘုရားသခင်၏စကားတော်အတွင်းတွင် ထင်ဟပ်ထားသကဲ့သို့၊ထိုစကားတော်များကိုယုံကြည်၍လိုက်နာကြသည်။ သမ္မာတရားသည်ကျွန်ုပ်တို့၏ဘဝတည်ဆောက်မှုအတွက် အခြေခံအုတ်မြစ်ဖြစ်သည်။

ထိုသမ္မာတရားကိုလက်ရှိခေတ်သစ်နှင့်သက်ဆိုင်၊ ဆီလျော်မှုရှိလာစေရန်ရန်အတွက် ပြုပြင်ပြောင်းလဲခြင်း၊ သက်ဆိုင်လာစေရန် ပြင်ဆင်တိုးချဲ့ခြင်းများ ပြုလုပ်ရန် မလိုအပ်ပါ။

ကျွန်ုပ်တို့၏ယုံကြည်ခြင်းမှာ ကျွန်ုပ်တို့၏အပြုအမူနှင့် လူမှုဆက်ဆံရေးအတွင်း ထင်ရှားစွာတွေ့ မြင်ရသည့်သမ္မာတရားအပေါ် တည်ဆောက်ထားခြင်းဖြစ်သည်။တမန်တော်ရှင်ပေါလုမှ ယုံကြည်သူများအား အောက်ပါအတိုင်းရေးသား၍ညွှန်ကြားထားသည်-

“အချင်းချင်းမုသာစကားကိုမပြောမသုံးကြနှင့်”(ကောလောသဲ၃:၉)

ယရှေခရစ်ဒ်အသစ်သောဘဝရှိလာသူတစ်ဦး၏ သိသာထင်ရှားသောလက်ခဏာ၊ အမှတ်အသားမှာ သူ၏အသက်ရှင်၊ ဆက်ဆံရေးအတွင်းသမ္မာတရားကိုသစ္စာရှိစွာ လိုက်နာမှုရှိခြင်းဖြစ်သည်။ ထို့ပြင်ပေါလုက မုသားပြောခြင်းမှာကယ်တင်ခြင်းမရရှိမီက ကျွန်ုပ်တို့ပြုလုပ်ခဲ့သော မကောင်းမှုများနှင့် တူညီသည်ဟုဖော်ပြထားသည်။

သမ္မာတရား၏မှန်ကန်ခြင်းတရားအကြောင်း ဆိုသည်မှာ ၎င်းသည် မပြောင်းလဲတတ်ခြင်းဖြစ်သည်။ ဤမှန်ကန်ခြင်း၏ အဖြစ်အပျက်၏အကျဉ်းချုပ်မှာ အရာတိုင်းထက်ကျော်လွန်ပြီး၊ ခေတ်ကာလအချိန်နှင့်ပါတ်ဝန်းကျင်မရွေး၊ အချိန်တိုင်း အမြဲတမ်းတည်မြဲနေသောအရာဖြစ်သည်။

ယနေ့ခေတ်တွင်လူများသည် တစ်စိတ်တစ်ပိုင်းမှန်ကန်မှုရှိသောအရာများ သို့တည်းမဟုတ် လုံးဝမှန်ကန်မှုမရှိသောအရာများကို ယုံကြည်လာစေရန်အခြေအနေဖြင့်ပြုလုပ်ခံနေရတတ်ကြသည်။ တချို့ကမူ “အမှန်တရားဆိုတာသင်ဘယ်လိုယူဆချင်သလဲဆိုတာပေါ်မူတည်တယ်” ဟုပင် ပြောဆိုနေ တတ်ကြသည်။ သတင်းမီဒီယာများသည်လည်း အချို့အချိန်များတွင်အမှန်တရားကို မျှတစွာမဖော်ပြကြဘဲ ပျက်ပြားစေတတ်ကြသည်။ တစ်ခုသောညနေခင်းတွင် ကျနုပ်သည်သတင်းကြည့်နေစဉ်တွင်၊ ကျွန်တော် သိနေသည့်လူတစ်ဦးတစ်ယောက်အကြောင်းကိုထို သတင်းတစ်ခုကထုတ်လွှင့်လာခဲ့သည်။ သတင်းတင်ပြသူ၏တင်ပြချက်မှာ အကြောင်းအရာများကို ၄င်း၏အမြင်နဲ့ကိုက်ညီအောင်လိမ်လည် ပြောပြနေခဲ့ပြီး များမကြာမီထိုသတင်းသည်လည်းသတင်းမှား တစ်ပုဒ်ဖြစ်သွားခဲ့ရသည်။ ထိုအခါကျနုပ်သည် ရယ်မောစွာဖြင့်ကျနုပ်၏ဇနီးသည်အား “သတင်းကောင်းတစ်ခုတွက်အမှန်တရားကမလိုအပ်ဘူးလား” ဟုမေးမြန်းခဲ့ပါသည်။

ကမ္ဘာကြီးမှာ အထူးသဖြင့် အာဏာနဲ့ သက်သာမှုကိုလိုချင်လာသည့်အချိန်မျိုးတွင် အမှန်တရားသည်လည်း မကြာခဏလွယ်ကူစွာစွန့်ပစ်၊ ပစ်ပယ်ခံရမှုများ ဖြစ်လေ့ရှိပြီး ထိုဖြစ်ပျက်မှုမျိုးသည်လည်း ဖြစ်ပျက်နေကျ ထုံးစံတစ်ခုလိုဖြစ်လာခဲ့သည်။

ဤအရာသည်ယနေ့ခေတ်တွင်တွေ့မြင်နေကြရသည့် ဝမ်းနည်းစရာအရာအဖြစ်ပျက်မျိုးစုံထဲတစ်ခုပင်ဖြစ်သည်။

အလုပ်ကောင်းတစ်ခုရရှိရန်အတွက် ဖော်ပြသည့်ကိုယ်ရေးအကျဉ်းများမှာလည်း မမှန်ကန်သည့်အချက်လက်များစွာထည့်ရေးသောလူတစ်ယောက်ဖြစ်စေ၊ ပြန်လည်ရွေးကောက်ပွဲအတွက် ကြိုးပမ်းနေသည့် နိုင်ငံရေးသမားတစ်ယောက်ဖြစ်စေ ရိုးသားမှု (သမာဓိ) ဟူ၍မရှိဘဲ ကိုယ်ကျိုးအတွက်ထိုရိုးသားမှုဂုဏ်များကိုလည်းစွန့်လွှတ်ရသည့်အဖြစ်ပျက်များ များပြားလာနေသည်။

ကျနုပ်ငယ်စဉ်တုန်းက မိခင်ပြောခဲ့သည့်စကားတစ်ခွန်းကိုယခုချိန်ထိ သတိရနေပြီးအထူးသဖြင့်ဒီနှစ်တစ်နှစ်ပါတ်လုံးကျနုပ်ကိုလွှမ်းမိုးနေသည်။ ထိုအချိန်တွင်ကျနုပ်သည်ယုံကြည်သူတစ်ဦးမဟုတ်ခဲ့ပါ။ ကျနော်သည်ငယ်စဉ်၊ လူငယ်ဘဝကမိဘများနှင့်အတူ ယုံကြည်သူအဖြစ်မကြီးပြင်းခဲ့ပေ။ ကျနုပ်မိခင်ကထိုစကားကိုပြောမည့်အချိန်ထိ အဖြစ်ပျက်များကိုသတိမရတော့ပေ။ သို့သော် အမေပြောခဲ့သည့် စကားမှာ ကျနော့်ဘဝအပေါ် အမှန်တကယ်ပင်သက်ရောက်မှုရှိခဲ့သည်။ ကျနုပ်အမေပြောခဲ့သည့် စကားမှာ“မင်းအဖေဟာ သူ့အသက်သေဘေးကနေလွတ်မြောက်ရန်အတွက်ပင်အလိမ်ညာ ပြောမှာမဟုတ်ဘူး” ဟုပြောခဲ့သည်။

“မြတ်သောစကားသည် မိုက်သောသူနှင့် မတော် မသင့်။ ထိုမျှမက၊ မုသာစကားသည် မင်းနှင့်မတော် မသင့်” သုတ္တံ ၁၇:၇

သမ္မာတရားသည် အခြေခံတည်ဆောက်ပုံတစ်ခုဖြစ်ပြီး ၎င်းအရာမရှိပါက ဆက်ဆံရေးတစ်ရပ်အတွင်း ရိုးသားမှုမှန်ကန်မှု သို့မဟုတ် တည်မြဲသောအားသာချက်တစ်ခုမှမရှိနိုင်ပါ။ တစ်ဦးတစ်ယောက်က သင့်ကိုမုသားပြောလိုက်သည့်အခါ၊ ထိုသူနှင့်အတူဆက်လက်လုပ်ကိုင်ရန် သင့်အတွက်ခက်ခဲသွားမည်သည်။ ခွင့်လွှတ်ခြင်းသည် တစ်စိတ်တစ်ပိုင်းအဖြစ် ပါဝင်ရမည်ဖြစ်ကြောင်း ငြင်းဆိုခွင့်မရှိသော်လည်း မုသားသည် ယုံကြည်မှုကိုဖျက်ဆီးသွားပြီးဖြစ်သည်။ ယုံကြည်မှုတစ်ခုသည် ပျက်စီးပြီးသည်နောက် ပြန်လည်ပြုပြင်ရန်အလွန်ခက်ခဲသည်။ ပြန်လည်ရရှိနိုင်မည်မဟုတ်ဟုဆိုလိုခြင်း မဟုတ်သော်လည်း ပြန်လည်တည်ဆောက်ရန်အလွန်ခက်ခဲပါသည်။

ကျွန်ုပ်တို့က အသစ်သောဘဝကို ခရစ်တော်အားဖြင့် ရရှိလာသည့်နောက်ပိုင်း သမ္မာသစ်ကျမ်းစာကိုဖတ်ကြည့်ပါက၊ ယုံကြည်ခြင်းနှင့် အကျင့်တရား နှစ်ခုစလုံးတွန်တွဲရမည့်အရာမှာ အခြေခံကျသောအရာဖြစ်ကြောင်း သံသယမရှိရှင်းလင်းစွာမြင်နိုင်ပါသည်။ ခရစ်တော်၌အသစ်သောအသက်တာဖြစ်

သည်ဟုပြောဆိုရာတွင် ဖြောင့်မတ်ခြင်းနှင့်သန့်ရှင်းခြင်းအသက်တာဖြင့်အသက်ရှင်ခြင်း ကိုသမ္မာကျမ်းစာတွင် ရှင်ပေါလုကပြောထားသည်မှာ-

သမ္မာတရားသည် ဆက်ဆံရေးတစ်ခုအတွက် တန်ဖိုးမဖြတ်နိုင်သောအုတ်မြစ်တည်ခြင်းဖြစ်သည်။ လူတစ်ယောက်ကတစ်ကြိမ် မုသားပြောသွားပြီဆိုပါက ယုံကြည်မှု ဖောက်ဖျက်ခံလိုက်ရခြင်းဖြစ်သည်။ ခွင့်လွှတ်မှုသည် မရှိမဖြစ်လိုအပ်သောအရာတစ်ခုဖြစ်သော်လည်း မုသားက ယုံကြည်မှုကိုဖျက်ဆီးပြီး၊ ယုံကြည်မှုပျက်စီးသွားပါက ပြန်လည်ပြုပြင်တည်ဆောက်ခြင်းမှာခက်ခဲလှသည်။

“ထိုကြောင့်မုသားစကားကိုပယ်ရှား၍၊ မှန်သောစကားကိုသာ အချင်းချင်းတယောက်နှင့် တယောက် ပြောကြလော့။ အကြောင်းမူကား၊ ငါတို့သည် အချင်းချင်း အင်္ဂါချင်းဖြစ်ကြ၏။” ဧဖက် ၄း၂၅

ဘဝ၏အခြေခံအုတ်မြစ်အဖြစ်၊ သက်တမ်းရှည်နိုင်မည့် ဆက်ဆံရေးတစ်ခုစီ၏ဖြစ်စဉ်အတွင်းမှာလည်း သမ္မာတရားသည်မရှိမဖြစ်သည့်အုတ်မြစ်ဖြစ်ရမည်။ သမ္မာတရားကိုပါယ်ကာအသက်ရှင်မှုကြောင့်ဘဝတစ်ခုလုံးပျက်စီးသွားသည့် ဝမ်းနည်းဖွယ်ရာအဖြစ်ပျက်များစွာကိုလည်းတွေ့ရှိရပါသည်။ သမ္မာတရားကိုငြင်းပါယ်ပြီးထွက်သွားသောအချိန်မျိုးတွင် လှည့်ဖြားမှုနှင့်ပရိယာယ်များအောက်သို့ကျရောက်သွားခြင်းဖြစ်သည်။ သမ္မာတရားကိုငြင်းပါယ်ခြင်း၏အသီးအပွင့်မှာ လှည့်ဖြားခြင်းအောက်သို့ကျရောက်ခြင်းဖြစ်ကြောင်းကို ရှင်ပေါလုမှ **ရောမဩဝါဒစာ ၁း၂၅** တွင်ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဘဝနှင့် သာသနာအတွက်အစေခံမှုကို သမ္မာတရားအပေါ်အခြေပြုတည်ဆောက်ထားခြင်းမှာမဖြစ်မနေလိုအပ်သောအရာတစ်ခုဖြစ်သည်။ ခရစ်ယာန်ခေါင်းဆောင်များသည် ကမ္ဘာ့အဖွဲ့အစည်းများ၊ ၎င်းတို့တန်ဖိုးများ၏ဖမ်းဆီးခံရခြင်းမှဂရုတစိုက်ရှောင်ကြဉ်ရမည်။ မိမိကိုယ်ပိုင်ရိုးသားမှုကို အထူးသဖြင့်တန်ဖိုးထားပြီး ကာကွယ်ထိန်းသိမ်းရမည်ဖြစ်သည်။ မိမိဘဝတစ်ခုကို သမ္မာတရားပေါ်အခြေခံ၍ တည်ဆောက်နိုင်ရန်အတွက် သမ္မာတရားကို ကာကွယ်ရန်နှင့် ထောက်ခံရန် အဆင်သင့်ဖြစ်ရမည်။ ထာဝရဘုရားမိန့်တော်မူသည်မှာ-

“သင်တို့ ကျင့်ရမည်အကျင့်ဟူမူကား၊ သင်တို့၌ သမျှသည် တယောက်နှင့်တယောက် မှန်သော စကားကို ပြောကြလော့။ မြို့တံခါးဝမှာ ဖြောင့်မတ်စွာ စီရင်၍၊ တရားတွေ့သည်အမှုကို ငြိမ်းစေခြင်းငှါ ဆုံးဖြတ်ကြလော့။

[17] တယောက်ကိုတယောက် အဘယ်သူမျှ မကောင်းသောအကြံကို မကြံကြနှင့်။ မမှန်သော ကျိန်ဆို ခြင်းကို မနှစ်သက်ကြနှင့်။ ထိုသို့သော အမှုရှိသမျှတို့ကို ငါမုန်းသည်ဟု ထာဝရဘုရား မိန့်တော်မူ၏။" ဇာခရိ ၈း၁၆-၁၇

ဝိညာဉ်ရေးတိုက်ပွဲအကြောင်း ရေးသားနေစဉ်တွင်၊ တမန်တော်ရှင်ပေါလုသည်ယုံကြည်သူများအတွက် တိုက်ပွဲအတွင်း တည်ငြိမ်မှုပျက်မသွားစေရန်၊ "ဘုရားသခင်၏စစ်ဆင်ရေးကာကွယ်မှု"ကို ဝတ်ဆင်ရန် လိုအပ်ကြောင်းအသေးစိတ်ဖော်ပြသည်။ သူ၏ပထမဆုံးဖော်ပြချက်မှာ "သစ္စာတရားဖြင့်ခါးကိုချည်ပါ" ဟု ဆုံးမပါသည် (ဧဖက် ၆:၁၀-၁၄)။ ဤကျမ်းစာတွင် "သမ္မာတရား"သည် အရေးအကြီးဆုံး၊ အခြေခံနှင့် မပြောင်းမလဲတည်ရှိနေရမည့်ဖြောင့်မတ်ခြင်းတရားဖြစ်ကြောင်းကိုအစဖော်ပြခြင်းဖြစ်သည်။

ခရစ်ယာန်တို့အတွက် "သမ္မာတရား"သည် မိမိတို့အကျင့်စာရိတ္တများ အခြေခံရာ ဩဝါဒအုတ်မြစ် တစ်ခု ဖြစ်သည်။

ထို့ကြောင့် ကျွန်ုပ်တို့သည် မိမိကိုယ်ကို သမ္မာတရားအပေါ် တည်ဆောက်ရုံသာမက၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ထို သမ္မာတရားဖြင့် ပြောဆိုရမည်ဖြစ်ပါသည်။ ထို့အပြင် လူပါတ်ဝန်းကျင် အသိုင်းအဝိုင်း အတွင်းတွေ့ရှိနေရသော မုသားများနှင့် လှည့်ဖျားမှုများကို ဆန့်ကျင်ကာ သမ္မာတရားကို ကာကွယ်ရန် မိမိကိုယ်ကိုအစဉ်အမြဲ ပြင်ဆင်ထားရမည်ဖြစ်သည်။ မုသားတစ်ခုကိုမကြာခနပြောကောင်းနေပါက နောက်ဆုံးတွင် မိမိကိုယ်တိုင်ယုံကြည်လာမည်ဟုဆိုရိုးစကားတစ်ခုရှိသည်။ ယင်းသည် တစ်ဦးချင်းစီအ တွက်သာမက လူ့အသိုင်းအဝိုင်းတစ်လွှားတွင်ပါ သက်ဆိုင်သည်။

ယနေ့ခေတ်တွင် ရှိနေသော ဥပမာအချို့မှာ -

•ဗီဇခွဲစိတ်ကုသမှုကိုဦးဆောင်သူသူတစ်ဦးက "ကျွန်ုပ်တို့သည် မိန်းမများအတွက် ကြင်နာသောဝန် ဆောင်မှုတစ်ခုကိုပေးနေသည်" ဟုပြောဆိုသည်။ ထိုအရာမှာ မုသား ဖြစ်သည်။ မမွေးဖွားမီက သတ် ဖြတ်ခံရသော ကလေးများနှင့် ထိခိုက်ဒဏ်ရာရသော မိန်းကလေးများအတွက်ကြင်နာမှုရှိသည်ဟု မဆိုနိုင်ပါ။

•"လိင်ဟူသည် မပြတ်မသားဖြစ်ပြီး၊ မသေချာသည့်ခန္ဓာကိုယ်ထဲမှာ မိမိတို့ ပိတ်မိနေသည်ဟု ယူဆရ ပြီးအကယ်၍ မိမိ၏လိင်ကိုပြောင်းလဲလိုပါက ပြောင်းလဲနိုင်သည်" ဟုဆိုသည်။ထိုပြောဆိုချက်သည် ပင် လျှင်မုသားဖြစ်သည်။ လူတစ်ဦး၏ မွေးဖွားလာစဉ်ကလိင်သည် မပြောင်းနိုင်ပါ။

•“အမျိုးသားနှင့် အမျိုးသား၊ သို့မဟုတ် အမျိုးသမီးနှင့် အမျိုးသမီး တို့အကြားဆက်ဆံရေးနှင့် အိမ်ထောင်ရေးသည်လည်း သက်ဆိုင်မှုသည်၊ သဘာဝလိင်စိတ်ကြိုက်ရှိမှုတစ်ခုဖြစ်သည်” ဟုဆိုသည်။ ထိုအရာသည်လည်းမှားဖြစ်သည်။ လိင်ဆက်ဆံရေးသည် အမျိုးသားနှင့် အမျိုးသမီးတို့ တစ်ဦးတည်းနှင့် သစ္စာရှိသော အိမ်ထောင်ရေးအတွင်းသာ ခံစားကြမည့် အရာဖြစ်သည်။

နောက်ဆုံးအနေဖြင့် အကြီးဆုံးမုသားတစ်ခုကမှာ (အထက်မှာဖော်ပြထားသော အရာတွေနဲ့အခြားအရာများလည်းအပါအဝင်) ထိုအရာများသည် နိုင်ငံရေးအကြောင်းအရာများဖြစ်ပြီး အယူဝါဒများဖြစ်ကာ ခရစ်ယာန်ဘုရားကျောင်းများကပင်ပါဝင်ဆွေးနွေးမှုများမလုပ်သင့်သည့် အယူဝါဒဖြစ်သည်။

ဆာလံဆရာကမေးခွန်းမေးခဲ့သည်မှာ-

“ငါ့ဝိညာဉ်အား သင်သည်ငှက်သကဲ့သို့ ကိုယ် နေရာ တောင်ပေါ်သို့ ပြေးချေဟု အဘယ်ကြောင့် ပြောကြသနည်း“ဆာလံ ၁၁း၃

သမ္မတရား၏အခြေခံအုတ်မြစ်များသည် မပြောင်းမလဲတည်မြဲနေမည်ဖြစ်သည်။ သို့သော်သမ္မာတရားကိုရဲရဲဝံ့ဝံ့စွာပြောဆိုထောက်ခံရန်ပြင်ဆင်မထားပါက၊ မုသားသည်လူများ၏စိတ်နှင့် အသိဉာဏ်ထဲတွင် သာမက၊ ဘုရင်ဖြစ်သောဘုရားသခင်၏အသက်ရှင်သောအသင်းတော်အတွင်း၌ပင် နေရာ ယူသွားမည်ဖြစ်သည်။ (ထိုအရာကိုတမန်တော်ကြီးရှင်ပေါလုက တိမောသေကို ပြောကြားခဲ့သည်ကိုတွေ့ရသည်။ **“ထိုအသင်းတော်ကား၊ သမ္မာတရား၏ အမှီတကဲဖြစ်၏။ သမ္မာတရား၏ တည်ရာလည်းဖြစ်၏” (၁ တိမောတေ ၃:၁၅)။**

နိဂုံးအဖြစ် ပြောလိုသည်မှာ “ကျွန်ုပ်တို့သည် ဘုရားသခင်၏ အလုံးစုံသော သွန်သင်ချက်များကိုဟောပြောနေကြပါသလား။ ဘုရားသခင်နိုင်ငံတော်၏ သာသနာသတင်းကောင်းဟူသမျှသည်အရေးကြီးသည်၊ သို့သော် ထာဝရအရေးပါဆုံးသောအချက်အချို့ကို ကျနုပ်တို့၏ ကြောက်ရွံ့မှု၊ ငြင်းပယ်ခံရခြင်း၊ သို့မဟုတ် ကျွန်ုပ်တို့၏အသံကို ရပ်တန့်ခံရခြင်းများကြောင့် များစွာသောသူများကထိုဘုရားစကားတော်ကို ငြင်းပါယ်ခဲ့ကြပါသလား”။ ထိုကဲ့သို့နေမည့်အစား တမန်တော်ကြီးရှင်ပေါလုမှ တမန် ၂၀း၂၀၊၂၇ တို့တွင် နှစ်ကြိမ်တိုင်တိုင်ဖော်ပြထားသကဲ့သို့ ကျနုပ်တို့ဟောပြောရန်လိုအပ်သည်။

“သင်တို့အကျိုးတစုံတခုကိုမျှ ငါမထိမ်မဝှက်။ လူစုဝေးရာ၌ငှင်း၊အိမ်များ၌ ၎င်း၊သင်တို့အားဟောပြော၍ဆုံးမသြဝါဒပေးသဖြင့်၊

J?ဘုရားသခင်၏အလိုတော်ကိုသင်တို့အား အကုန်အစင် ဟောပြောပြသခြင်း အမှုကို ငါသည်မလွဲမရှောင်ဘဲပြုခဲ့ပြီ” (တမန် ၂၀း၂၀၊ ၂၇)

သမ္မာတရားကို ရှာဖွေသူများ၊ ဟောပြောကြေညာသူများဖြစ်ကြောင်း မိမိတို့ကိုမိမိ ယုံကြည်ကာ အသက်ရှင်ရာတွင် အရေးကြီးဆုံးအချက်မှာ ကျန်ပ်တို့သည်အသင်းတော်၊ မျိုးဆက်တိုင်းအား မှန်ကန်စွာသင်ကြားပေးရမည်ဖြစ်ပြီး၊ ကျန်ပ်တို့၏ဘဝများသည်လည်း သနားခြင်း၊ကြင်နာခြင်းဖြင့်ပြည့်ဝသော သမ္မာတရားကိုပြသပေးနိုင်ရမည်ဖြစ်သည်။ ထိုသမ္မာတရားသည်လူများကိုလွတ်မြောက်ခြင်း ပေးစွမ်းနိုင်ပြီး လူတို့၏ ဘဝများကိုလည်းကောင်းစွာအသက်ဝင်နိုင်စေသည်။